# ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

## နိဒါန်း

ကမ္ဘာပေါ်တွင် နိုင်ငံများ၏ စီးပွားရေးဘဝနှင့်လူမှုရေးဘဝ ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲ များဖြစ်ပေါ်လာစေရန် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်အတွင်း ကမ္ဘာ တစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု (Globalization)နှင့်မြို့တက်အခြေပြုလာမှု (Urbanization) တို့က တွန်းပို့ခဲ့ကြသည်ကို ကျွန်ုပ်တို့အားလုံး သိရှိပြီးဖြစ်ကြပါသည်။ ဤကာလအတွင်း၌ပင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံများစွာ၏ ဆင်းရဲနွမ်းပါးမှုနှင့် မညီမမျှ ဖြစ်ပေါ်နေမှုအပေါ် ပိုမိုအာရုံစူးစိုက်လာကြပြီး ထောင်စုနှစ်ဖွံ့ဖြိုး တိုးတက်ရေး ပန်းတိုင်များ (The Millennium Development Goals)ဟူသော ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး ရည်မှန်းချက် များချမှတ်အကောင်အထည်ဖော်နေကြသည်ကိုလည်းတွေ့ရှိရပါသည်။

## ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု

ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု၏ ရိုက်ခတ်ချက်များသည်ကမ္ဘာ့စီးပွားရေး ပိုင်နက် နယ်မြေအတွင်း နက်ရှိုင်းစွာထိုးဖောက် ဝင်ရောက်ခဲ့ပြီးဖြစ်သောကြောင့် ယနေ့ကျွန်ုပ်တို့ ရင်ဆိုင်နေရသော ကမ္ဘာ့စီးပွားရေး ဖွဲ့စည်းတည်ဆောက်ပုံအသစ်သည် အတိတ်ကရှိခဲ့သည့် ကမ္ဘာ့စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံ အဟောင်းနှင့်ဘာမျှမဆိုင်တော့သလို၊ နေရာတကာ တွင်မညီမျှမှုများ တားမနိုင်ဆီးမရဖြစ်နေသည်ကို တွေ့နေရပါသည်။ ကမ္ဘာတစ်ဝန်းလွှမ်းခြုံ ဖြစ်ပေါ်ခြင်းအတွက် စွန့်လွှတ်ရခြင်းများ (Costs) နှင့် အကျိုးကျေးဇူးများ (Benefits) တို့ သည် နိုင်ငံတစ်နိုင်ငံအတွင်းမှာသော်လည်းကောင်း၊ နိုင်ငံအသီးသီးမှာသော် လည်းကောင်း ညီညွတ်မျှတစွာ ခွဲဝေပေးထားခြင်းမရှိပါ။ နိုင်ငံတချို့သည် ကုန်သွယ်မှုချဲ့ထွင်ခြင်း၊ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု(FDI)တိုးပွားစေခြင်းနှင့် ငွေကြေးဈေးကွက်ပေါင်းစည်းခြင်း တို့ဖြင့် အရင်း အမြောက်အမြားစီးဆင်းလာခြင်း၊ ကျွမ်းကျင်မှုအဆင့်မြင့်မားလာခြင်းနှင့် အကောင်းဆုံးနည်းပညာများ ဝင်ရောက်လာခြင်းတို့ကြောင့် ရှေးကတစ်ခါမျှမရှိခဲ့ဘူးသော အခွင့်အရေးများရနေသည်ကိုလည်းတွေ့နေရပါသည်။သို့ရာတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ တချို့သည် အထက်ပါအကျိုးကျေးဇူးများကို လုံးဝမခံစားရဘဲ စွန့်လွှတ်မှုများ တစ်ခုပြီး တစ်ခုတောင်းဆိုခံနေကြရခြင်း၊ ကန့်သတ်ချက်များနှင့် ပိတ်ဆို့မှုများခံစားနေကြရခြင်းဖြင့် ကမ္ဘာ တစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု၏ အကျိုးကျေးဇူးများသည် မိမိတို့ဘေးမှ (မိမိတို့နှင့်မဆိုင် သလို)ဖြတ်ကျော်သွား နေသည်ကိုသာငေးမောရင်းကျန်ရစ်နေခဲ့ကြရပါသည်။ ကမ္ဘာတစ်ဝန်း လွှမ်းခြုံဖြစ်ပေါ်မှု၏ ပင်ကိုယ်သဘော ကိုယ်နှိုက်က ကြားနေသည့်သဘော၊ မျှတသည့် သဘောမရှိပါ။ ကမ္ဘာ့အင်အားကြီးအဖွဲ့အစည်းအချို့သည် ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှုမှ မျှတသော ရလဒ်များပေါ်လာ ရန်ကြိုးစားအားထုတ်မှုများ ရှိနေသော် လည်းဘယ်တော့ ဘယ်အချိန်ဖြစ်လာမည်ကို မည်သူမျှအာမ မခံနိုင်ပါ။ မည်မျှအတိုင်းအတာအထိ မျှတမှု

ရရှိမည်ကိုလည်းမခန့်မှန်းနိုင်ပါ။ထို့ကြောင့် မျှတမှုရရှိသောအချိန်အထိ တိုက်ပွဲ ဝင်သွားရန် သို့မဟုတ် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းရန်နည်းလမ်းတို့ကို မစဉ်းစားသင့်ပါ။ ကျွန်ုပ်တို့ စွန့်လွှတ်ခဲ့ရခြင်းများ အတွက် ထိုက်တန်သော အကျိုးကျေးဇူးများ ပြန်လည်ခံစားခွင့်ရရှိရန် ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု ဖြစ်စဉ်ကြီး ကိုကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်မည့်နည်းလမ်းများကိုသာဦးစားပေးစဉ်းစားနိုင်ရန်လိုအပ် ကြောင်းတွေ့ရပါသည်။

## မြို့တက်အခြေပြုလာမှု

ယျှုကာလသည် လူ့သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် မြို့ပြများတွင် နေထိုင်သည့် လူဦးရေ အချိုးအစားအများဆုံးဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် မြို့နေလူဦးရေမှာ ၈၀% ခန့်အထိရောက်နေပြီဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ မြို့များသို့ တိုးဝင်ပွားများလာသော လူဦးရေကို အနိုင်နိုင်ထိန်း နေကြရသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်လွန်နှစ်များတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌မြို့ပြများတွင် အခြေချလာမှုမှာ နှစ်စဉ် ၄% စီတိုးလာလျှက်ရှိကြောင်းတွေ့ရပါသည်။ ကျေးလက်များတွင် စီးပွားရေး လုပ်ကိုင်ရန် ခက်ခဲပင်ပန်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုနှင့် ဆင်းရဲတွင်းမှလွတ်မြောက်ရန် လမ်းစရှာမရမှု များသည် မြို့တက်အခြေပြုလာမှုအတွက် အဓိကတွန်းအားပေးလျက်ရှိသောအချက်များ ဖြစ်ပါသည်။ အထက်ပါနှုန်းထားအတိုင်း အလျင်အမြန်ကြီးထွားလာနေသော မြို့ကြီးပြကြီးများသည်လည်း မကြာမီ ကာလအတွင်းမှာပင် အလုပ်အကိုင်အခက်အခဲများနှင့် ကြုံကြိုက်လာရတော့မည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ ယနေ့မြို့ပြအချို့တွင် ဖြစ်ပေါ်နေသော ဆင်းရဲနွမ်းပါးမှုများသည် မနေ့ကကျေးလက်များတွင် ဖြစ်ပေါ်နေခဲ့သောဆင်းရဲနွမ်းပါးမှုများ၏ ရွှေ့ပြောင်းလာမှုကြောင့်ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျေးလက်ဒေသ မှ လူများကိုမြို့ကြီးများသို့ စုပြုံတိုးဝင်လာခြင်းမဖြစ်စေရန် ကျေးလက်ဒေသများတွင် မျှော်လင့်ချက်ပြည့်ဝပြီး ထုတ်လုပ်မှုကောင်းသော အလုပ်အကိုင်များ ဖန်တီးပေးရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာရန်တို့အတွက် အမြန်လုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိပြီဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

## ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ

သက္ကရာဇ် ၂၀၀၀ တွင် ကမ္ဘာ့ပန်းတိုင်အဖြစ် ချမှတ်ခဲ့သော ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များတွင် ပန်းတိုင်(Goals)(၈)ခုနှင့် သတ်မှတ်ချက် (targets)(၁၈)ခု ပါဝင်ပါသည်။ဤပန်းတိုင်များနှင့် သတ်မှတ်ချက်များသည် ကမ္ဘာတစ်ဝန်းလွှမ်းခြုံ ဖြစ်ပေါ်မှု၏အကျိုးရလဒ်များကို ဖွံ့ဖြိုးဆဲနိုင်ငံများက မျှဝေခံစားနိုင်ရေးအတွက် မျှော်လင့်ချက်များ ပေးစွမ်းနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ၏

ဆုံချက်(focus)သည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖြစ်သောကြောင့်ဖြစ်ပါသည်။ ဤဆုံချက်သည်ယေဘုယျအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် အလေးအနက်ထားသည်ကို တွေ့ရပါသည်။ လူ့သမိုင်းကို ပြန်ကြည့်လျှင် စိုက်ပျိုးမွေးမြူရေးသည် စားစရာသာမက ဝတ်စရာ၊ နေစရာ ၊ ဆေးဝါး၊ လောင်စာတို့မှ စ၍ ကဏ္ဍအမျိုးမျိုးတွင် မြောက်မြားစွာသော ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေးစွမ်းနိုင်ပြီး၊စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် မောင်းနှင်ပေးနေသောအင်ဂျင်စက်ကြီးဖြစ်သည်။ နိုင်ငံများစွာတွင် စိုက်ပျိုးမွေးမြူ ရေးသည် ကျေးလက်လူနေမှုဘဝကို ထမ်းပိုးပေးနေသော ပင်မ မဏ္ဍိုင်ဖြစ်နေသေးသည့် အပြင် နိုင်ငံ၏ပြည်ပဝင်ငွေအတွက် အရေးအကြီးဆုံးသော အရင်းအမြစ်နှင့်ဂျီဒီပီ (GDP)ကို အဓိက ရှာဖွေပေးနေသည့် အစိတ်အပိုင်းလည်း ဖြစ်နေပါသည်။ လွန်ခဲ့သည့် (၁၀)စုနှစ် လေးခုအတွင်း ကမ္ဘာ့အစားအစာ ထုတ်လုပ်မှုနှုန်းသည် လူဦးရေတိုးတက်မှုနှုန်းကို ကျော်ဖြတ်တက်ခဲ့ပြီး၊ နိုင်ငံများစွာ၌ လူဦးရေသန်းပေါင်းများစွာကိုဆင်းရဲနွမ်းပါးမှုမှဆွဲတင်နိုင်ခဲ့ကြပါသည်။ဝေးဝေးလံလံလိုက်ကြည့်ရန်မလိုပါ။ ကျွန်ုပ်တို့အရှေ့တောင်အာရှနိုင်ငံအများစုသည် ကျေးလက်ဒေသရှိလုပ်အားများဖြင့်စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်မှုကိုများစွာမြှင့်တင်လျက်၊ ပိုလျှံနေသောကျေးလက်လုပ်အားများကို ကျေးလက်နှင့် မြို့ပြဒေသများ၌ရှိသော စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအလုပ်အကိုင်များ၌ ရယူသုံးစွဲခဲ့ကြခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုကို အကြီးအကျယ် လျှော့ချနိုင်ခဲ့ကြကြောင်း သက်သေပြနိုင်ခဲ့ကြပြီးဖြစ်ပါသည်။ထို့အပြင် လူ့လုပ်အားအများအပြားသုံးစွဲရသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကောင်းစွာထိန်းသိမ်းထားနိုင်ကြကြောင်းပြသနိုင်ကြပါသည်။ပြည်တွင်းရိက္ခာဖူလုံမှု၊ ပြည်တွင်းအစားအစာဈေးနှုန်းများ ထိန်းထားနိုင်မှု တို့ကြောင့် စိုက်ပျိုးရေးမဟုတ်သောအခြားအငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း ထောက်ကန်အားပေးထားနိုင်ခဲ့ပါသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ

နိုင်ငံအလိုက် စိုက်ပျိုးမွေးမြူရေးမှ လူနေမှုဘဝ တိုးတက်ကြီးပွားချမ်းသာရေးလမ်းစဉ်ကို အောင်မြင်စွာအကောင်အထည်ဖော်ရန်မှာ မူဝါဒရေးရာပြုပြင်ပြောင်းလဲမှု၊ ပြည့်စုံလုံလောက်သောပညာရှင်၊ အလုပ်ဌာနများတည်ရှိမှုနှင့် စိုက်ပျိုးရေးကဏ္ဍ၌ အများပြည်သူပိုင်နှင့်ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှုများထည့်ဝင်ရန် အသင့်ရှိနေမှုတို့ လိုအပ်ပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် ယင်းအချက်များ လစ်ဟင်းလျက်ရှိကြပြီး လုပ်သားအင်အားအများစုရှိနေသော လယ်ယာများ၌ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနေသည်ကိုလည်းကောင်း၊ နည်းပညာအသစ်ဝင်ရောက်မှု နှေးကွေးလွန်းသည်ကိုလည်းကောင်း အထင်အရှား တွေ့ရမည်ဖြစ်သည်။ မြေပူရာကင်းမှောင့်ဆိုသကဲ့သို့ ကမ္ဘာကြီးပူနွေးလာမှု၏ စောစောပိုင်းလက္ခဏာများအဖြစ် ပြင်းထန်သောရာသီဥတု အပြောင်းအလဲ၊ မိုးခေါင်ခြင်း ၊ ရေကြီးခြင်း ၊

လေမုန်တိုင်း တိုက်ခတ်ခြင်း၊ မိုးရွာသွန်းမှုအချိန်အခါနှင့် ပမာဏအပြောင်းအလဲ ဖြစ်ပေါ်ခြင်း၊ မြေဆီဩဇာဆုတ်ယုတ် ပျက်ပြားခြင်းစသည်တို့ကို နိုင်ငံအများအပြားတွင် တွေ့နေရပြီဖြစ်သည်။ကောက်ပဲသီးနှံမှန်သမျှသည် မိုးရွာသွန်းခြင်းနှင့် အပူချိန်ခြားနားခြင်းကို ခံနိုင်ရည်များစွာမရှိကြပါ။ ထို့အပြင် စိုက်ခင်းများအတွက် သွင်းအားစုများ ယုတ်လျော့လာခြင်းနှင့် နည်းပညာ နိမ့်ကျနေခြင်းများကလည်း ကျေးလက်ဒေသများတွင် အလေ့အထကဲ့သို့ ဖြစ်နေကြသည့်အခါ ထိုနိုင်ငံ၏ကျေးလက်ဒေသများသည် ဆင်းရဲတွင်း နက်သည်ထက်နက်လာပြီး လုပ်သားများအား မြို့ပြများသို့ မောင်းနှင်ထုတ်နေသကဲ့သို့ ဖြစ်လာဖွယ်ရာရှိပေတော့သည်။ ထို့ကြောင့်လည်း အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့အစည်းအသီးသီးတို့၏ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးမဟာဗျူဟာတွင် စိုက်ပျိုးမွေးမြူရေး၏အရေးပါမှုကို အောက်ပါအတိုင်း မှတ်ချက်ပြုထားကြ သည်ကိုတွေ့ရပါသည်-

**" ဆင်းရဲနွမ်းပါးမှုလျော့ချရန် ကျွန်ုပ်တို့သည် စိုက်ပျိုးမွေးမြူရေးကို မဏ္ဍိုင်ပြုကြရမည်။ စိုက်ပျိုး မွေးမြူရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်ခြင်းသည် စားသောက်ကုန်များအတွက် ကုန်ကျစရိတ်ကို သက်သာစေပြီး တောရော၊မြို့ပါ အကျိုးရှိစေမည်" (DFID)**

**" စိုက်ပျိုးမွေးမြူရေးသည်သာလျှင် လူပေါင်းမြောက်မြားစွာ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည်။" (NEPAD)**

**" စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဆထက်ထမ်းပိုး တိုးမြှင့်စေခြင်းဖြင့် အစားအစာဖူလုံမှု၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် လူတစ်ဦးချင်း ဝင်ငွေတိုးပွားမှု ဖြစ်စေနိုင်သည်" (USAID)**

**" စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးမှုသည် နိုင်ငံစီးပွားရေးကို အချိုးကျ တိုးတက်စေနိုင်သကဲ့သို့ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက်လည်းပို၍ပင်အရေးကြီးပါသည်။" (FAO)**

## ဖွံ့ဖြိုးရေး နှင့် အလုပ်အကိုင်

ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် စိုက်ပျိုးမွေးမြူရေးသည် နိုင်ငံ၏ ဂျီဒီပီ အများစုကို ထုတ်လုပ်ပေးနေသည့်အပြင် အလုပ်အကိုင်အများစုကိုလည်း ဖန်တီးပေးထားနိုင်သောကြောင့်စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို ထိရောက်စွာ အထောက်အကူပေးနိုင်သည့်အပြင် ၊ စားကုန်သောက်ကုန်စရိတ်ကျဆင်းပြီး အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေသည်ဖြစ်၍ဆင်းရဲနွမ်းပါးမှု ကိုလျော့နည်းကျဆင်းစေပါသည်။ လူ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင်လည်း စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ခြင်းသည် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ခြင်း၏ ရှေ့ပြေးနမိတ်ဖြစ်ကြောင်း ဥရောပနှင့် အာရှဒေသ တို့က

သက်သေခံခဲ့ကြပြီးဖြစ်သည်။ သို့ရာတွင် စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်ခြင်းနှင့် အပြိုင်တက်နေရာမှ တဖြည်းဖြည်းရှေ့နောက် မညီသော သဘောဖြင့် ဂျီဒီပီ(GDP)တွင် စိုက်ပျိုးမွေးမြူရေးအပိုင်းမှ ထုတ်လုပ်မှုဝေစု ကျဆင်းလာသည်ကို တွေ့ရမည်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ဂျီဒီပီ(GDP)တွင် စက်မှုလက်မှုနှင့် အခြားထုတ်လုပ်မှုကဏ္ဍများမှ ဝေစုများ အပြိုင်တိုးတက်လာခြင်းနှင့် အခြားကဏ္ဍများ၏ တိုးတက်မှုနှုန်းကိုစိုက်ပျိုးမွေးမြူရေးကဏ္ဍမှ လိုက်မမှီသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးမွေးမြူရေးမှ ဖန်တီးပေးထားသော အလုပ်အကိုင်များ၏ အရေအတွက်နှင့် အရည်အချင်းမှာ ဆက်လက်တိုးတက်နေဆဲ ဖြစ်ပင်ဖြစ်ငြားသော်လည်း၊ စက်မှုလက်မှုနှင့် အခြားကဏ္ဍများမှ ဖန်တီးပေးသော အလုပ်အကိုင်အသစ်များက ပိုမိုလျင်မြန်စွာ တိုးပွားလာကြသည့်အပြင် လူနေမှုအဆင့်အတန်းနှင့် လုပ်ခလစာကလည်း ပိုကောင်းကြပါသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းစေရေး လုပ်ငန်းတွင်ကျေးလက်ရော၊ မြို့ပြပါ စိုက်ပျိုးမွေးမြူရေးမှအပဖြစ်သည့် လုပ်ငန်းနယ်များ၌ အလုပ်အကိုင်နှင့် လူနေမှု အခွင့်အလမ်းများ ပိုမိုဖော်ထုတ်ပေးရန်ကိစ္စသည် အချက်အချာဖြစ်လာပါသည်။ အထက်ပါ ကျိုးကြောင်း ဆက်စပ်တင်ပြချက်များမှ လိုရင်းကောက်နုတ်ချက်တစ်ခု တည်းကိုထင်ရှားပေါ်လွင်အောင် ဆွဲထုတ်ရလျှင်-

> **“ ကျေးလက်ဒေသများတွင်ဖွံ့ဖြိုးရေး နှင့် ပိုမိုကောင်းမွန်ပြီး ပိုမိုများပြားသော အလုပ်အကိုင်များဖန်တီးဖော်ထုတ်ပေးနိုင်ရေးအတွက် ကျွန်ုပ်တို့သည်လယ်ယာဥယျာဉ်ခြံလုပ်ငန်း (on-farm) မှ အလုပ်အကိုင်များနှင့် လယ်ယာဥယျာဉ် ခြံမှအပ အခြားလုပ်ငန်း(off-farm)မှ အလုပ်အကိုင်များကိုပြိုင်တူတိုးတက်လာစေရန် ရည်မှန်းချက်ထား အကောင်အထည်ဖော်ရ မည့်မူဝါဒ”**

ချမှတ်သွားရန်ပင်ဖြစ်ပါသည်။

## ဖွံ့ဖြိုးရေး အခြေခံမူဝါဒ

ဖွံ့ဖြိုးရေးအတွက်မောင်းနှင်အားများစွာရှိသော်လည်း အခြေခံမူဝါဒများမှာ **ငွေကြေးရင်းနှီးမြှုပ်မှု၊လုပ်သားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ကုန်သွယ်ရေးမှဈေးကွက် ချဲ့ထွင်နိုင်မှု၊စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်ပုံစနစ်ရှိခြင်း** တို့ပင်ဖြစ်ပါသည်။ အထက်ပါ မူဝါဒများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပေါင်းစည်းညီညွတ်စေခြင်းတို့ဖြင့် ကုန်ထုတ်လုပ်မှုများကိုတိုးတက်စေခြင်း၊ ပြည်တွင်းဈေးကွက် ပေါင်းစည်းစေခြင်း၊ ပြည်ပဈေးကွက်အတွက် အထောက်အပံ့ဖြစ်စေခြင်း၊ ကွဲပြားခြားနားသော လမ်းကြောင်းအမျိုးမျိုးမှ ဝင်ငွေရရှိစေခြင်းနှင့် ကျေးလက်ဒေသအလုပ်အကိုင်အခွင့်အလမ်းများတိုးပွားစေခြင်း စသည့်ရလဒ်တို့ကို ရရှိရန်အတွက် ဦးတည်ဆောင်ရွက်သွားရန် လိုအပ်

ပါသည်။ထို့အပြင်ငွေကြေး၊အခွန်၊ ငွေလဲနှုန်းဆိုင်ရာ မက္ကရိုစီးပွားရေးမူဝါဒများသည် လည်း တည်ငြိမ်၍ ခန့်မှန်း တွက်ဆနိုင်သော စီးပွားရေးအခြေအနေဖြစ်စေရန် အာမခံနိုင်စွမ်း ရှိရပါမည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် လမ်းများ၊ဆိပ်ကမ်းများ၊ တယ်လီဖုန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး သုတေသန၊ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး စသည့်ကောင်းမွန်သော အခြေခံအဆောက်အအုံ များတည်ရှိမှုအပေါ် မှာလည်း တည်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဤကိစ္စများအတွက် ငွေကြေးသုံးစွဲနိုင်မှုနည်းကြပါသည်။ တစ်ခါတရံလက်ရှိ ဖွံ့ဖြိုးတိုးတက်မှု ကိုဆက်လက်ထိန်းသိမ်းရန်အတွက်ပင်စိုက်ပျိုးရေး စရိတ်သုံးစွဲမှုမလုံလောက်သည်ကို တွေ့ရ ပါသည်။ စိုက်ပျိုးရေးတွင်ရင်းနှီးမြှုပ်နှံမှုမလုံလောက်ဘဲလျော့နည်း နေခြင်းသည် တစ်ခါတရံ မှားယွင်းသော ရင်းနှီးမြှုပ်နှံမှုအဖြစ် ရောက်သွားနိုင်ပါသည်။ ဆင်းရဲသော လယ်သမားများ အတွက် ရည်ရွယ်ချက်ဖြင့် အကျိုးရှိစေရမည့်အစား ၊ ချမ်းသာသူများ၏ လက်ဝါးကြီးအုပ်မှု အတွက် အခွင့်အရေးပေးသည့်အနေအထားသို့ရောက်သွားခြင်းမျိုးကို ဆိုလိုပါသည်။

ကမ္ဘာကြီးပူနွေးလာမှုသည်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မူဝါဒအတွက် လာရောက်ရိုက်ခတ်နိုင်သောအချက်တစ်ခုဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့်အာဖရိက တိုက် ဆာဟာရအစပ် ဒေသရှိနိုင်ငံအချို့တွင်စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုသည် ၂၀၂၀ ပြည့်နှစ်တွင် ၁၉၉၀ အခြေအနေ ထက် ၅၀% အထိ ကျဆင်းသွားနိုင်ပြီး လူ ၇၅ သန်း မှ သန်း ၂၅၀ အထိ ရေရရှိမှု အခက်အခဲ ပိုမို ကြုံတွေ့ဖွယ်ရှိကြောင်းသိရှိရပါသည်။ အပူချိန် ၁° သို့မဟုတ် ၂° တိုးလာခြင်းသည် စိုက်ပျိုးသီးနှံ အမျိုးအစား၊ မြေအမျိုးအစားနှင့် ရေ ရရှိမှုကို များစွာထိခိုက်စေပါသည်။ ထို့ကြောင့် အစားအစာဖူလုံရေး အတွက်ရာသီဥတုနှင့် ကိုက်ညီသော အထွက်ကောင်းသီးနှံမျိုးများ ၊ သီးနှံအမျိုးအစားအသစ်များ ပိုမိုသုံးစွဲခြင်း နှင့် ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာသုံးစွဲမှုတို့ တိုးတက်မြင့်မားရန် လိုအပ်ပါသည်။အနာဂတ်ကာလတွင် ဇီဝနည်းပညာ၊ ပင်လယ်ရေမှ ဆားဓါတ်ဖယ်ထုတ်ခြင်း နည်းပညာ၊ ဆည်မြောင်းဖြင့် ရေသွင်းခြင်း၊ ဓါတုဗေဒပေါင်းစပ်အစားအစာ ထုတ်လုပ်ခြင်း နည်းပညာများအပေါ် ပိုမိုအားကိုးအားထား ပြုလာရမည့်အခြေအနေရှိလာသည့် အတွက် အစားအစာဈေးနှုန်းများ ပိုမိုမြင့်မားလာဖွယ်ရာ ရှိနေပြီး ဆင်းရဲနွမ်းပါးသူများအတွက် ပိုမို အထိနာဖွယ်ရှိနေခြင်းကို ကမ္ဘာကြီးပူနွေးလာမှု၏ ရိုက်ခတ်ချက်များအဖြစ် ကြိုတင် မျှော်တွေး၍ မူဝါဒရေးဆွဲရန် လိုအပ်ပါသည်။

## လယ်ယာဥယျာဉ်ခြံမှအပ အခြားလုပ်ငန်းများတည်ထောင်ရေး

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသရှိ အမျိုးသားနှင့်အမျိုးသမီးအားလုံး ၏ ခန့်မှန်းခြေ ၈၆% အတွက်ပင်မ အလုပ်အကိုင်နှင့် နေထိုင်မှုဘဝဖြစ်ပင် ဖြစ်ငြား

သော်လည်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတစ်ခုတည်းဖြင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုကို ဖယ်ရှားရှင်းလင်းနိုင်စွမ်းမရှိပါ။ လယ်ယာ ဥယျာဉ်ခြံမှအပ အခြားလုပ်ငန်းများတိုးမြှင့် ဆောင်ရွက်ခြင်းသည် ပိုမိုကောင်းမွန်၍ပိုမိုများပြားသောအလုပ် အကိုင်များကိုဖန်တီး ပေးနိုင်ပါသည်။ ကျေးလက်ဒေသတွင် သင့်လျော်သောအခြားလုပ်ငန်းများကို ရှာဖွေ ဖော်ထုတ်ခြင်းနှင့်စမ်းသပ်သုတေသနပြုခြင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပင်မ တွန်းအားတစ်ခု ဖြစ်ပါသည်။ကျေးလက်နေမိသားစုဝင်များ၊ အထူးသဖြင့်မြေမဲ့ယာမဲ့များကို လယ်ယာဥယျာဉ်ခြံ လုပ်ငန်းမှအပအခြားလုပ်ငန်းများသို့လမ်းလွှဲပေးသည့်စံနစ်သည် ထိုသူ များ၏ရှင်သန်မှုနှင့် ရေရှည်အကျိုးအတွက် အရေးကြီးသော ယန္တယားတစ်ခုပင်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် လယ်ယာ ဥယျာဉ်ခြံ လုပ်ငန်းမှအပ အခြားလုပ်ငန်းများ သည် ရိုးရာအစဉ်အလာအရ ထုတ်လုပ်မှုနည်းပင် နည်းငြားသော်လည်း အပိုဝင်ငွေအဖြစ် လုပ်လေ့လုပ်ထရှိကြပါသည်။ သို့ရာတွင် ယခုဆိုလိုသော လယ်ယာဥယျာဉ်ခြံ လုပ်ငန်းမှ အပ အခြားလုပ်ငန်းဆိုသည်မှာ ထိုသို့အပိုဆောင်း ဖြည့်စွက်ချက်အနေဖြင့် ပြုလုပ်သော လုပ်ငန်းများသာမက ခိုင်မာသောဝင်ငွေနှင့် အလုပ်အကိုင်များကို ရေရှည်ဖွံ့ဖြိုးတိုးတက် စေနိုင်သည့် လုပ်ငန်းများကိုဆိုလိုပါသည်။ အတတ်ပညာနှင့်ကျွမ်းကျင်မှုရှိသော အလုပ် သမားများသည်ကျေးလက်တွင် နေထိုင်ရင်း နည်းပညာအဆင့်မြင့်မားသော စက်ရုံအလုပ်ရုံ များတွင် ကျွမ်းကျွမ်းကျင်ကျင် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ကြစေရန် ဖြစ်ပါသည်။ စင်စစ် ဤလုပ်ငန်းမျိုးသည် လူဦးရေထူထပ်သော စက်မှုဇုန်များတွင် အကျိုးအမြတ်ပိုများ စေနိုင် သော်လည်းလူဦးရေကျဲသော ကျေးလက်ဒေသများတွင် ဖွင့်လှစ်နိုင်ပါကကျေးလက်ဖွံ့ဖြိုးရေး ကို အထောက်အကူပြုစေမည်မှာမလွဲပါ။

အထက်ပါ ကုန်ထုတ်လုပ်ငန်းများကို ဒေသအကျိုးကိုကြည့်၍ ဒေသရှိပုဂ္ဂလိက လုပ်ငန်းရှင်များကသော်လည်းကောင်း၊ သမဝါယမအသင်းအဖွဲ့ အနေဖြင့်သော် လည်း ကောင်း တည်ထောင်နိုင်ကြပါသည်။ သမဝါယမအသင်းများကို စားသုံးသူများသမဝါယမ၊ ထုတ်လုပ်သူများသမဝါယမ၊အလုပ်သမားများ သမဝါယမ၊ငွေစုငွေချေးသမဝါယမ၊ ခရီးသွား လုပ်ငန်းသမဝါယမစသည်ဖြင့် အမျိုးမျိုးဖွဲ့စည်းဆောင်ရွက်နိုင်ကြသည်ဖြစ်ရာ ကျေးလက်ဖွံ့ ဖြိုးရေးတွင်ဤအသင်းများသည် လယ်ယာဥယျာဉ်ခြံမှအပ အခြားလုပ်ငန်းများ တည်ထောင် ရေးအတွက် တစ်သင်းနှင့်တစ်သင်း ဆက်စပ်ပေါင်းစည်း၍ အပြန်အလှန် အကျိုးပြုနိုင်ကြ ပါသည်။

**စိုက်ပျိုးမွေးမြူရေးမှကုန်ထုတ်လုပ်မှု**

လယ်ယာအလုပ်သမားများ၏ကျွမ်းကျင်မှုကိုတိုးတက်စေခြင်းဖြင့် **အလုပ်သမားများ ၏ ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ခြင်း**နှင့် လယ်ယာများတွင်ဆည်မြောင်းစံနစ်၊ မြေသြဇာ နှင့်သီးနှံမျိုးစေ့တိုးတက်စေခြင်းဖြင့် **လယ်ယာမြေ၏ ထုတ်လုပ်နိုင်စွမ်းမြှင့်တင်ခြင်း**

တို့သည် စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသောအချက်နှစ်ချက်ဖြစ်သည်။ အထက်ပါ လူနှင့်မြေ၏ထုတ်လုပ်နိုင်စွမ်းတို့ သဟဇာတ ဖြစ်ရေးသည် အလွန်အရေးကြီးပါသည်။လယ်ယာမြေတည်ရှိရာ ပထဝီအနေအထား၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်း၊ သဘာဝအရင်းအမြစ်ရရှိနိုင်မှုနှင့် ထွန်ယက်သော နည်းစနစ်တို့အပေါ် တွင်မူတည်၍ ဤအချက်နှစ်ခုသည် အမျိုးမျိုးပြောင်းလဲနိုင်ပါသည်။ လယ်ယာအနည်းငယ်သာလုပ်ကိုင် သူများအတွက် လယ်ယာမြေမှ ထုတ်လုပ်နိုင်စွမ်းကို တိုးတက်အောင် ပြုပြင်သောနည်းသည် ငွေကြေး အရင်းအနှီး ကုန်ကျမှုများသောကြောင့် လူအပိုင်းတွင်ပို၍ အားစိုက်ဆောင်ရွက်လေ့ရှိကြသည်။ သို့သော်အချို့ ခေတ်မီ စီးပွားရေးစိုက်ခင်း များတွင် အရင်းစိုက်ထုတ်မှုကို ပိုမိုအားထည့်ကြပြီး အလုပ်သမားကို ချွေတာသောနည်း ကိုကျင့်သုံးကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဇောက်ချလုပ်တော့မည်ဆိုလျှင် အစောပိုင်းကာလတွင် ကျွန်ုပ်တို့သည် အလုပ်အကိုင်တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုကျဆင်း စေရန်အတွက် လူနှင့်မြေတို့၏ ထုတ်လုပ်နိုင်စွမ်းနှစ်မျိုးစလုံးကို တိုးတက်အောင် ဆောင်ရွက်သောနည်းကို ကျင့်သုံးသင့်ပြီး နောက်ပိုင်းတွင် စားသောက်စရိတ်ကျဆင်းရေးနှင့် လုပ်ခလစာတိုးတက်စေရန်အတွက်မြေ၏ထုတ်လုပ်နိုင်စွမ်းတိုးတက်ရေး က ပို၍တာသွားစေသောနည်းကိုကျင့်သုံးသင့်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် စိုက်ပျိုးမွေးမြူရေးမှ ကုန်ထုတ်လုပ်မှုကို မြင့်မားလာစေမည့် ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒများကို ကျကျနနမချမှတ် ပေးနိုင်ခဲ့လျှင် စိုက်ပျိုးမွေးမြူရေးကျဆင်းမှုနှင့်အတူ ကျေးလက်ဒေသ၏ ဆင်းရဲနွမ်းပါးမှုတိုးတက်လာမည့် အန္တရာယ် ရှိနေမှုကိုလည်း သတိပြုမိရန်လိုပေသည်။

## စီးပွားရေးပတ်ဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုရာသီဥတုဖန်တီးပေးရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် မရှိမဖြစ်လိုအပ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု သောမူဘောင်များကို သတ်မှတ်ပေးနိုင်ပါသည်။ ကျေးလက်ဒေသများတွင် စီးပွားရေးပတ်ဝန်းကျင်များ နှင့်ရင်းနှီးမြှုပ်နှံမှုရာသီဥတုများ ဖန်တီးရေးသည် အဆိုပါမူဘောင်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကျေးလက်ဒေသတွင် စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများထိရောက်စွာတိုးတက်လာစေမည့်မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများချမှတ်ပေးရပါမည်။ အဆိုပါစည်းမျဉ်းများသည် အလုပ်လုပ် ကိုင်သူများအတွက် အမြတ်အစွန်းကို တိုးပွားစေပြီး၊ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်ကို လျှော့ချနိုင်စေရပါမည်။လိုက်နာစောင့်ထိန်းရမည့် မူဝါဒရေးရာသည် အပြောင်းအလဲမများဘဲ ခိုင်မာ တည်တံ့ခြင်းဖြင့် မူဝါဒပြောင်းလဲမှုကြောင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရပါမည်။

ဈေးကွက်အကြိုက်တီထွင်ဖန်တီးမှုနှင့် အမျိုးအစားကောင်းမွန်မှုကို ရှေးရှုသော ယှဉ်ပြိုင်ခြင်းစနစ်တိုးတက်စေရပါမည်။ တရားဥပဒေစိုးမိုးမှုနှင့် ကိုယ်ပိုင်ပစ္စည်း ဥစ္စာလုံခြုံမှု အခွင့်အရေးများရရှိစေရပါမည်။ ထို့အပြင် ကျေးလက်ဒေသတွင် စီးပွားရေးပတ်ဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုရာသီဥတု ဖန်တီးပေးရန်၊ ကောင်းမွန်သောသတင်းဖြန့်ချိရေးစနစ်၊ ငွေကြေး လည်ပတ်မှုစနစ်၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးစနစ်ကောင်း များလည်း ရှိရန်လိုအပ်ပါသည်။ ဈေးကွက်သတင်းဖြန့်ချိရေးစနစ်သည် ကျေးလက်ဒေသအလုပ်အကိုင် အခွင့်အလမ်း တိုးပွားရေးအတွက် အလွန်အရေးကြီးပါသည်။ လယ်သမားများနှင့် ကုန်သည်များကို အချိန်အခါအလိုက် တိကျသောကုန်ဈေးနှုန်းသတင်းများ၊ ဝယ်လက်တည်ရှိသောနေရာနှင့် ဝယ်ယူမည့်စနစ်၊ ထုတ်လုပ်သူများနှင့်ပတ်သက်သော အကြောင်းအရာများ၊ ၄တ်လုပ် သင့်သော ကုန်ပစ္စည်းအမျိုးအစားနှင့် အလားအလာများ၊ သွင်းကုန်ထုတ်ကုန် စည်းမျဉ်း များနှင့် စံချိန်စံညွှန်းများ အစရှိသည့် သတင်း အချက်အလက်များကို ကျေးလက်ဒေသများ အရောက် ပို့ပေးနိုင်ရပါမည်။ ထို့အပြင် ကျေးလက်ဒေသရှိ အလုပ်သမားများ၏ ကျွမ်းကျင်မှုမြှင့်တင်ပေးမည့်လေ့ကျင့်ရေး အခွင့်အရေးများ၊ ထိုမှတဖန်အလုပ်အကိုင် အခွင့် အလမ်းများနှင့် ရနိုင်သောလုပ်ခလစာများကိုလည်း ဖော်ပြပေးနိုင်ပါသည်။ အာဖရိက တိုက်၏အချို့နိုင်ငံများတွင် ရေဒီယိုမှအဆိုပါ သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း သည် အထူးပင် ထိရောက်အောင်မြင်ခဲ့ကြောင်း သက်သေသာဓကများ ရှိပါသည်။ ရေဒီယို အပြင် အခြားတိုးတက်သော ဆက်သွယ်ရေးနည်းပညာများဖြင့်လည်း သတင်းဖြန့်ဝေမှုကို လုပ်သင့်ပါသည်။

ကျေးလက်ဒေသများမှ ဆင်းရဲသော ပြည်သူများ၌ငွေရေးကြေးရေးနှင့်ပတ်သက်သော ဝန်ထုပ်(၃)ခုရှိပါသည်။ ပထမဝန်ထုပ်မှာ ၎င်းတို့၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် သော်လည်းကောင်း၊ လယ်ယာဥယျာဉ်ခြံမှအပ အခြားလုပ်ငန်းများအတွက် သော်လည်း ကောင်း ချေးငွေအကူအညီရယူ၍ရင်းနှီး မြှုပ်နှံရေးကိစ္စကို လုပ်ကိုင်နိုင်စွမ်းမရှိကြခြင်း ဖြစ်သည်။ ဒုတိယဝန်ထုပ်မှာ ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ချက်ဖြင့် ငွေကြေးစုဆောင်းမှု စံနစ်မပြည့်စုံခြင်းဖြစ်ပါသည်။ တတိယဝန်ထုပ်မှာ မသေချာမရေရာဘဲ စွန့်စားမှု များသော လုပ်ငန်းများတွင် ငွေကြေးသုံးစွဲမှုများခြင်းဖြစ်သည်။ ဤဝန်ထုပ်များကြောင့်ကျေးလက်ဒေသ များမှ အချို့မိသားစုများသည် လူမွေးလူတောင်မပြောင်ဘဲဖြစ်နေကြရခြင်းဖြစ်ပါသည်။

ကျေးလက်ဒေသရှိ ပြည်သူလူထုသည် ပညာရေးနှင့်ကျွမ်းကျင်မှုလေ့ကျင့်ရေးကို မြို့နေလူထု လောက်အခွင့်အရေးမရကြပါ။ ဤအချက်သည် ကျေးလက်ဒေသမှ အလုပ် သမားများအား ပညာရေးနှင့် ကျွမ်းကျင်မှုအဆင့်မြင့်မားသောအလုပ်အကိုင်များမှ ဝေးကွာ လှမ်းစေသည့်အပြင် ကုန်ပစ္စည်း ထုတ်လုပ်နိုင်စွမ်းကိုလည်း အကြီးအကျယ်လျော့နည်းစေပါ သည်။ ထို့ကြောင့် ကျေးလက်ဒေသအတွက် အခြေခံပညာရေးကို တိုးတက် ကောင်းမွန်

အောင်ဆောင်ရွက်ပေးနေသကဲ့သို့ပင် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း များကိုလည်း ဒေသနှင့်ကိုက်ညီသော လယ်ယာဥယျာဉ်ခြံနှင့်ပတ်သက်၍ ဖြစ်စေ၊အခြားဆီလျော်သော လုပ်ငန်းများနှင့်ပတ်သက်၍ဖြစ်စေ လေ့ကျင့်ပေးရေးအစီအစဉ်ရှိရန် လိုပါသည်။ သို့မှသာ ကမ္ဘာတစ်ဝန်း လွှမ်းခြုံဖြစ်ပေါ်မှုမှရိုက်ခတ်လာသော နည်းပညာပြောင်းလဲမှုမှ ပေါ်ပေါက်လာမည့် အကျိုးကျေးဇူးများကို ကျေးလက်လူထုသည် အလိုက်သင့်ရယူသုံးစွဲ သွားနိုင်မည် ဖြစ်ပါသည်။

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးလာမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သစ်သီးဝလံပန်းမာန်ဥယျာဉ်နည်းပညာဖွံ့ဖြိုးလာမှု စသော ကမ္ဘာတစ်ဝန်းလွှမ်းခြုံ ဖြစ်ပေါ်မှုတစ်ချို့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကောင်းစွာ အထောက်အကူဖြစ်စေသည်မှာ မှန်ပါသည်။ သို့ရာတွင်ယခုအခါ သဘာဝ အရင်းအမြစ်များ ကမ္ဘာ့လွှမ်းခြုံလာမှုကြောင့် ကမ္ဘာ့လောင်စာ ဆီဈေးနှုန်းများ အဆမတန် မြင့်တက်လာခြင်းသည် အစားအစာထုတ်လုပ်မှုစရိတ်ကို များစွာထိခိုက်စေ မည်ဖြစ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ လယ်ယာလုပ်ငန်းခွင်တွင် လောင်စာဆီသုံးစွဲရသည့် ကုန်ကျစရိတ် မြင့်တက်လာခြင်း၊ လယ်ယာထွက်ကုန်ဖြစ်သော ပြောင်း၊ ပဲပုပ်၊ ကြံစသည်တို့ကို အစားအသောက်အဖြစ်မှ လောင်စာဆီအဖြစ်သို့ ပြောင်းလဲထုတ်လုပ်လာကြခြင်းနှင့် ယခုအခါ လူသားတို့အတွက် ပိုမို လိုအပ်လာသောအသားနှင့်ဥများထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သောတိရိစ္ဆာန်အစာများပါ ထုတ်လုပ် မှု လျော့နည်းလာသောကြောင့် ဖြစ်ပါသည်။ အလားတူပင် ရာသီဥတု ပြောင်းလဲခြင်းသည်လည်း ကမ္ဘာတစ်ဝှမ်းလွှမ်းခြုံဖြစ်ပေါ်မှု အကျိုးဆက်တစ်ခုဖြစ်ပါသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော ရာသီဥတု ပြောင်းလဲမှုများကြောင့် အချို့နေရာများတွင် သဘာဝကပ်ဘေးဆိုးကြီးများနှင့်ကြုံတွေ့ခဲ့ရပြီး အစားအစာ ထုတ်လုပ်မှုကို ထိခိုက်စေခဲ့ပါသည်။ သို့ဖြစ်၍ ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဘက်မှ အကျိုးပြုသလို အခြားတစ်ဘက်မှလည်းဆိုးဆိုးဝါးဝါး ထိခိုက်စေနိုင်သည့် အချက်ကို စီးပွားရေးပတ်ဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုရာသီဥတု ဖန်တီးပေးရေးကိစ္စ၌ ကျွန်ုပ်တို့ အလေးအနက်ထားစဉ်းစားသင့်ကြပေသည်။

## နိဂုံး

အထက်ပါဆွေးနွေးတင်ပြချက်များနှင့် ဖော်ထုတ်ချက်များကို ခြုံငုံ၍ သုံးသပ်လိုက်လျှင်ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကို အကောင်အထည် ဖော်ရာတွင် ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု၏ အခွင့်အရေးများကို ရယူအသုံးချပြီး၊ ယင်း၏ စိန်ခေါ်မှုများကို တန်ပြန်ရင်ဆိုင်လျက် ကျွန်ုပ်တို့သည် အောက်ပါနည်းလမ်းများ အတိုင်း ဆောင်ရွက်သွားနိုင်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်-

(၁) စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများပါ ဘက်စုံ ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း၊

(၂) လယ်ယာဥယျာဉ်ခြံလုပ်ငန်းများသာမကရင်းလုပ်ငန်းများမှအပ အခြားလုပ်ငန်း များကိုပါ ရေရှည်တည်တံ့ခိုင်မြဲစေရန် အထောက်အကူပြုသော ပတ်ဝန်းကျင် သစ်တစ်ရပ်တည် ထောင်ပေးခြင်း၊

(၃) ကျေးလက်ထုတ်ကုန်များ၏ ဈေးကွက် ဝင်ပေါက်ကို နိုင်ငံတော်အဆင့်နှင့် အပြည်ပြည် ဆိုင်ရာအဆင့်အထိ တက်လှမ်းနိုင်ရန် မြှင့်တင်ပေးခြင်း၊

(၄) လယ်ယာဥယျာဉ်ခြံမှအပအခြားလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက် လာအောင်ပိုမိုဆောင်ရွက်ခြင်း၊

(၅) လူငယ်လူရွယ်များသည်မြို့ကြီးပြကြီးများသို့ တိုးဝင်မလာစေရန် အတွက် ကျေးလက် အလုပ်အကိုင်များအပေါ် ပိုမိုစွဲဆောင်မှုပေးခြင်း၊

(၆) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ကျေးလက်သို့ရောက်ရှိအောင် စည်းရုံးခြင်း၊

(၇) နိုင်ငံတော်ပိုင် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ကျေးလက် သို့တိုးချဲ့၍ ရင်နှီးမြှုပ်နှံခြင်း၊

(၈) ကျေးလက်ဒေသများတွင် ပညာရေးနှင့်ဆီလျော်ရာလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ ကို ပိုမိုဖွင့်လှစ်ပေးခြင်း၊

(၉) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ကျယ်ပြန့်နက်ရှိုင်းစွာ ရောက်ရှိစေခြင်း၊

(၁၀) ကျေးလက်ဒေသအတွက်အခွန်အကောက် မူဝါဒကိုလူမှုရေးအရ ထောက်ထား ညှာတာမှုဖြင့် ဆီလျော်စွာသတ်မှတ်ခြင်း၊

(၁၁) မြေယာ လုပ်ကိုင်လိုသူများ မြေယာရရှိရေးအတွက်မြေယာဖော်ထုတ်ခြင်းနှင့် ဝေခြမ်းခြင်း တို့အပါအဝင်သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက် ပေးခြင်း၊

(၁၂) မည်သည့်အခြေအနေမျိုးတွင်မဆိုစိုက်ပျိုးမွေးမြူရေး လုပ်ငန်းကိုထိခိုက်စေမည့် မူဝါဒများ ချမှတ်မှုမှ ရှောင်ကျဉ်ခြင်း၊

(၁၃) ကျေးလက်ဒေသ အလုပ်အကိုင် တိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသော အခြားနည်းလမ်းအမျိုးမျိုးကိုလည်း လေ့လာကျင့်သုံးခြင်း၊

(၁၄) ရာသီဥတုပြောင်းလဲခြင်းအပါအဝင် ကမ္ဘာတစ်ဝန်း လွှမ်းခြုံဖြစ်ပေါ်မှု၏ ဆိုးကျိုးများကို အလေးအနက်စဉ်းစားသုံးသပ်၍ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခြင်း၊